**MTSH** Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်

**ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် အသစ်ခန့်အပ်ခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် အသစ်ခန့်အပ်လိုက်ခြင်းအား အသိပေးကြေညာအပ်ပါသည်။ လက်ရှိဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ဖြစ်သော ဦးထွန်းထွန်းသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှစ၍ ကုမ္ပဏီမှပြောင်းရွှေ့မည်ဖြစ်ပြီး အဆိုပါရာထူးအတွက် Mr. Wui Hua Tan အား ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် အသစ်အဖြစ် ခန့်အပ်ရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် သဘောတူအတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့မှ ကုမ္ပဏီအား ရန်ကုန်စတော့အိတ်(စ်)ချိန်းတွင် စာရင်းဝင်နိုင်ရန်နှင့် ဂုဏ်သိက္ခာရှိသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်လာစေနိုင်ရန် ဆောင်ရွက်ပေးခဲ့သော ဦးထွန်းထွန်း၏ စွမ်းဆောင်ချက်များအား အထူးအသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။ အသစ်ခန့်အပ်သည့် Mr. Wui Hua Tan သည် နိုင်ငံခြားစတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများတွင် ရရှိခဲ့သော အတွေ့အကြုံများကြောင့် ကုမ္ပဏီ၏ရည်မှန်းချက်များအား အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲရေးကဏ္ဍဦးဆောင်သူတစ်ဦးအနေဖြင့်များစွာ အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။ Mr. Wui Hua Tan ၏ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**In 2014:** Strategic Financial Leadership: An Asian Perspective from Wharton Business School University of Pennsylvania Philadelphia, USA.

**In 2000:** MBusPA, Master of Business in Professional Accounting from Victoria University of Technology, Melbourne, Australia.

Mr. Wui Hua Tan သည် ဘဏ္ဍာရေး၊ စာရင်းအင်းနှင့် ရင်းနှီးမြှုပ်နှံမှုစသည့်နယ်ပယ်များ၌ အာရှတွင်သာမက အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် ဥပရောနိုင်ငံများအပါအဝင် နှစ်(၂၀) ကျော် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ စင်္ကာပူ စတော့အိတ်ချိန်းတွင် စာရင်းဝင် ကုမ္ပဏီဖြစ်သည့် Lum Chang Holdings Limited နှင့် မြို့ပြအိမ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၌ (၁၀) နှစ်ကျော်အတွေ့အကြုံရှိပါသည်။

ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်အနေဖြင့် ၂၀၁၅ ခုနှစ်၊ မေလအထိ Al Maabar International Investments ကုမ္ပဏီတွင် (၆) နှစ်ခန့် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီသည် မြို့ပြအိမ်ယာ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဟော်တယ်နှင့် ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများကို အဓိကထား လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပြီး ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ (၁) ဘီလီယမ်ခန့်တန်ဖိုးရှိပါသည်။ အဓိကတာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်းများမှာ လုပ်ငန်းဆိုင်ရာမဟာဗျူဟာချမှတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း၊ စာရင်းအင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ကုမ္ပဏီတွင်း စီမံကွပ်ကဲခြင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

အေးဝင်း
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ